# စပါးစီးပွားဖြစ်မျိုးသန့် မျိုးစေ့ထုတ်လုပ်နည်း

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးပညာပေးရေး ကွင်းဝန်ထမ်းများသည်အကျိုးဆောင်တောင်သူများ နှင့် လက်တွဲ၍ မြို့နယ်အသီးသီးတွင် မျိုးစေ့ထုတ် စိုက်ခင်းများပြုလုပ်ပြီး စီးပွားဖြစ်မျိုးသန့်မျိုးစေ့များကို ထုတ်လုပ်လျက်ရှိပါသည်။ ယခုနှစ်မှစ၍ မျိုးစေ့ထုတ်လုပ်ငန်းများပိုမိုပီပြင်စွာဆောင်ရွက်နိုင်ရန် အတွက် စိုက်ပျိုးပညာပေးရေးဝန် ထမ်းများနှင့် အကျိုးဆောင် မျိုးစေ့ထုတ်တောင်သူများ လိုက်နာရန်အတွက် **“စပါး စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်လုပ်နည်းပညာ”** စာစောင်ကိုရေးသားဖြန့်ဝေလက်ပါသည်။

## မျိုးရွေးချယ်ခြင်း

စိုက်ပျိုးမည့် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသောစပါးမျိုး၊ အထွက်နှုန်းမြင့်၍ ဆန်ရည်ဆန်သွေးကောင်းသော၊ဒေသအတွင်း တောင်သူများ အများဆုံးစိုက်ပျိုးသော ဈေးကွက်ဝင် စပါးမျိုးကို ရွေးချယ်ရမည်။

## မျိုးစေ့နှုန်း

မျိုးသန့်စင်မှု ၉၈%၊အပင်ပေါက် ၈၅ %၊ အစိုဓါတ် ၁၃% ရှိမျိုးစေ့များကို စိုက်ခင်းတစ်ဧကအတွက် မျိုးစေ့နှုန်း (၅)ပြည်နှုန်းအသုံးပြုရမည်။

## မြေနေရာရွေးချယ်ခြင်း

မြေဩဇာထက်သန်၍ရေသွင်းရေထုတ်လွယ်ကူသည့်မြေ ယခင်နှစ်ယခင်ရာသီကစပါးမျိုးတူ၊မျိုးသန့် အဆင့်တူ စိုက်ပျိုးခဲ့သောမြေ၊ယခင်နှစ်က ကျန်ရှိခဲ့ သောမျိုးကွဲပင် အကြွင်းအကျန်များ၊ကောက်လေများ နှင့် ပေါင်းပင်များ ကင်းရှင်းသော မြေဖြစ်ရပါမည်။ ပိုးမွှားနှင့် ရောဂါကျရောက်ခဲ့သည့်မြေမဖြစ်ရပါ။ မျိုးသန့်စိုက်ခင်းဝန်းကျင်တွင် မျိုးတူစိုက်ခင်းများသာ ရှိရမည်။



## ပျိုးထောင်ခြင်း

ဆားရည်စိမ်နည်းဖြင့် အောင်မြင်ပြည့်ဖြိုးသော စပါးမျိုးစေ့များကိုရွေးချယ်ပြီးမျိုးညှောင့်ဖောက်၍ ဘောင်ပျိုးစနစ်ဖြင့်ပျိုးထောင်ပေးရပါမည်။ ကျန်းမာသန်စွမ်းသောပျိုးပင်ရရန် ၃'×၁၂၀'×၄" ပျိုးဘောင် (၇)ဘောင်တွင် တစ်ဘောင်လျှင် မျိုးစေ့ (၆)ဘူးနှုန်း အသုံးပြုရပါမည်။

## စိုက်ပျိုးခြင်း

ပျိုးသက်(၁၅-၂၀) ရက်သားတွင် လက်ဆ(၁-၂) ပင် ကို အသုံးပြုပြီး၊အပင်၊ အတန်း အကွာအဝေး၊ (၈"x၆") (၈" x ၈") နှင့်ကောက်ပင် အတိမ် အနက်(၁. ၅) လက်မထက် ပိုမနက်ရအောင် စိုက်ပျိုးပါ။ (၆) တန်းတစ်တန်းလှပ် စိုက်ပျိုးပါ။

## ဓါတ်မြေဩဇာအသုံးပြုခြင်း

မြေခံအဖြစ်သဘာဝမြေဩဇာ လှည်း (၁၀-၁၅) စီးနှုန်း၊ယူရီးယား(၁/၂)အိတ်နှင့်တီစူပါ(၁)အိတ်နှုန်းမြေပြုပြင် ချိန်တွင်မြေခံအဖြစ်ထည့်ပေးပါ။ စိုက်ပြီး (၇-၁၀) ရက်တွင် ယူရီယားမြေဩဇာ (၁)အိတ်ထည့်ပေးပါ။ ဖုံးတုံးလုံးတုံးအချိန်တွင် ယူရီးယား (၁/၂)အိတ် နှင့် ပိုတက် (၁/၂) အိတ်ကို ရောကျွေးပါ။ယူရီးယား (၁)ဆ နွားချေး၊ သဘာဝမြေဆွေး (၃) ဆ ရောနှပ်အသုံးပြုပါ။

## မျိုးကွဲနှုတ်ပယ်ခြင်း

စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ ကျွမ်းကျင် သော စိုက်ပျိုးရေးပညာရှင်များ၏ ကြီးကြပ်မှုဖြင့် အပင်ပွားစည်းချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်တို့တွင် ကွင်းဆင်းစစ်ဆေး၍ မျိုးကွဲနှုတ်ပယ်ခြင်းကို ဆောင်ရွက်ရပါမည်။ အပင်ပွားစည်းချိန်တွင် စိုက်ပျိုးသည့် မျိုးထက် အပင်အရပ်၊ အပင်ပုံစံ ခြားနားသောအပင်၊ တို့ကို မျိုးကွဲအဖြစ် သတ်မှတ်၍နှုတ်ပစ်ရပါမည်။ ပန်းပွင့်ချိန်တွင်စိုက်သည့်မျိုးထက် ပန်းပွင့်ချိန် စောလွန်းသော၊ နောက်ကျလွန်းသောအပင်၊ အနှံထွက်ပြီးရင့်မှည့်ချိန်တွင် ပုံမှန်ပင် ထက်အရပ် နိမ့်သောအပင်နှင့် မြင့်သောအပင်၊ စိုက်ပျိုးသည့် မျိုးနှင့်အသီးအရောင် ပုံစံမတူသည့်အပင်များကို ဖယ်ရှား ပေးရပါမည်။



## ပေါင်းပင်များဖယ်ရှားပေးခြင်း

ပြောင်းရွှေ့စိုက်သည်မှရင့်မှည့်ချိန်ထိ စပါးခင်းအတွင်းရှိ ပေါင်းမြက်များ ပြောင်စင်အောင် ဖယ်ရှားပေးရပါမည်။

## ရိတ်သိမ်းခြင်း

စပါးနှံ၏ (၈၅%) စပါးစေ့များ ဝါလာသည့် မောင်းညို ချိန်တွင် ရိတ်သိမ်းခြွေလှေ့ရပါမည်။ မျိုးမတူပါက ခြွေလှေ့စက်အား သေချာစွာ စနစ်တကျ သန့်စင်ပြီးမှသာ အသုံးပြုရပါမည်။

## အခြောက်ခံခြင်း

ခြွေလှေ့ပြီးစပါးများကို(၂-၄) လက်မအထူ ဖြန့်ခင်းပြီး အစိုဓာတ် (၁၃%)အထိရအောင် (၃-၄) ရက် နေလှန်း အခြောက်ခံပေးရမည်။မျိုးမတူပါက သီးခြားတလင်း တစ်ခုစီတွင် လှန်းပေးရပါမည်။ အစိုဓါတ် (၁၃%) ရှိသောခြောက်သွေ့ပြီး စပါးစေ့များကို အိတ်သန့်တွင် ထည့်၍ စပါးမျိုးအမည်၊ မျိုးစေ့အဆင့်၊ စိုက်ပျိုးထုတ်လုပ်သည့်ခုနှစ်၊ ရာသီတို့ကို ရိုက်နှိပ်ရပါမည်။

## သန့်စင်သိုလှောင်ခြင်း

မျိုးစေ့တွင်ပါဝင်သောအဖျင်းအမှော်၊ လုံးပိန်လုံးညှပ်၊ ပေါင်းမြက်နှင့်ပိုးထိုးစေ့များကို သန့်စင်စက်ဖြင့် သန့်စင်ပါ။သန့်စင်ပြီးသော မျိုးစေ့များကို ဂုန်နီအိတ်၊ ပိန်အိတ် အသစ်များတွင်ထည့်ပြီး သိမ်းဆည်းပါ။

## မျိုးစေ့ထောက်ခံချက်ပေးခြင်း

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရှိမျိုးစေ့နည်းပညာကျွမ်းကျင် ဝန်ထမ်းများမှ မျိုးစေ့နမူနာရယူရမည်။ ရယူပြီးသော မျိုးစေ့နမူနာများကို မျိုးစေ့အဆင့်အလိုက် အောက်ဖော်ပြပါစံချိန်စံညွှန်းအတိုင်း စစ်ဆေးပြီး မျိုးစေ့ဓါတ်ခွဲခန်း တာဝန်ရှိသူမှ ထောက်ခံချက်ပေးရပါမည်။

| မျိုးစေ့အဆင့် | အနိမ့်ဆုံး သန့်စင်မှု% | အနိမ့်ဆုံးအပင်ပေါက် % | အမြင့်ဆုံး အစိုဓါတ်% | အမြင့်ဆုံး ဆန်နီပါဝင်မှု (၅၀၀ ဂရမ်တွင် ပါဝင်သည့် အစေ့) | အမြင့်ဆုံး ပေါင်းစေ့ (၅၀၀ ဂရမ် တွင်ပါဝင်သည့် အစေ့) |
|---|---|---|---|---|---|
| မိဘမျိုးစေ့ | ၉၉ | ၉၀ | ၁၃ | ၀ | ၃ |
| ဆင့်ပွားမျိုးစေ့ | ၉၈ | ၉၀ | ၁၃ | ၁ | ၅ |
| မျိုးသန့်မျိုးပွားမျိုးစေ့ | ၉၈ | ၈၅ | ၁၃ | ၃ | ၁၀ |
| စီးပွားဖြစ်မျိုးသန့်မျိုးစေ့ | ၉၇ | ၈၀ | ၁၃ | ၅ | ၁၀ |

## စပါးစီးပွားဖြစ်မျိုးစေ့ထုတ်စိုက်ခင်း အင်္ဂါရပ်များ

(၁) စပါးမျိုးသန်ခြံများမှ ထုတ်လုပ်သော မျိုးသန့်မျိုးစေ့များကိုသာ အသုံးပြုစိုက်ပျိုးရမည်။

(၂) မြေဆီသြဇာကောင်းမွန်၍ ရေသွင်းရေထုတ် လွယ်ကူသော မြေနေရာကို ရွေးချယ်စိုက်ပျိုးရမည်။

(၃) မျိုးစေ့ထုတ်စိုက်ခင်းအနီးဝန်းကျင်တွင် မျိုးတူစိုက်ခင်းများသာ စိုက်သင့်ပါသည်။

(၄) ဘောင်ပျိုးစနစ်ကို အသုံးပြု၍ ပျိုးထောင်စိုက်ပျိုးရမည်။

(၅) ခြောက်တန်း တစ်တန်း လုပ်စနစ်ဖြင့် စိုက်ပျိုးရမည်။

(၆) ဓာတ်မြေသြဇာ (၃) မျိုးကို မြေခံ၊အပင်ပွားချိန်နှင့် အနှံထွက်ချိန်တို့တွင်အချိုးအစား မှန်ကန်စွာ ကျွေးပေးရပါမည်။

(၇) ပေါင်းမြက်နှင့် ပိုးမွှား/ ရောဂါ ကင်းစင်ရန် အထူးဂရုစိုက် ကြီးကြပ်ရပါ မည်။

(၈) မျိုးကွဲ နှုတ်ပယ်ခြင်းကို အပင်ပွားစည်းချိန် ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်တို့တွင် ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ရပါမည်။

(၉) အလေအလွင့်နည်းအောင် မောင်းညိုချိန်တွင် ရိတ်သိမ်းရမည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**နေပြည်တော်**

# စပါးစီးပွားဖြစ်မျိုးသန့်မျိုးစေ့ ထုတ်လုပ်နည်း



၂၀၁၁ ခုနှစ် ၊ ဧပြီလ